# အပိုင်း(ဂ)

# စာမေးပွဲတွင် မသမာသောနည်းအသုံးပြုဖြေဆိုခြင်းအတွက် အရေးယူခြင်း

၁။ တက္ကသိုလ်စာမေးပွဲများတွင် မသမာသောနည်းများကို အသုံးပြုရန် ကြိုးစားအားထုတ်ခြင်းနှင့် ကျူးလွန်ခြင်းများတွေ့ရှိပါက အောက်ပါအတိုင်း အရေးယူမည်-

(က) စာမေးပွဲအခန်းအတွင်း စစ်မေးသည့်ဘာသာရပ်ကို မသမာသောနည်းဖြင့် ဖြေဆိုရန် မှတ်စု၊ စာရွက်စာတမ်း၊ စာအုပ်နှင့် အခြားပစ္စည်းများ ယူဆောင်လာသည်ကို တွေ့ရှိပါက ကူးယူခြင်းမပြုရသေးစေကာမူ သက်ဆိုင်ရာကျောင်းသားအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်း၍ ပညာသင်နှစ် (၁)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ခ) ကျောင်းသားတစ်ဦးသည် စာမေးပွဲဖြေဆိုပြီး အဖြေလွှာကို သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံ မအပ်နှံဘဲ စာမေးပွဲခန်းပြင်ပသို့ ယူဆောင်သွားကြောင်း တွေ့ရှိပါက သက်ဆိုင်ရာကျောင်းသားအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်း၍ ပညာသင်နှစ်(၁)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဂ) ကျောင်းသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် ဖြေဆိုကြောင်း အထောက်အထားခိုင်လုံစွာတွေ့ရပါက ၎င်းအား စာမေးပွဲဖြေဆိုခွင့်ကို ရုပ်ဆိုင်းပြီး စာမေးပွဲဖြေသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၁)နှစ် စုစုပေါင်း (၂)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဃ) ကျောင်းသားတစ်ဦးသည် အသင့်ဖြေဆိုထားသော စာရွက်များကို အစားထိုးလဲလှယ် ကြားညှပ်၍လည်းကောင်း၊ အသင့်ဖြေဆိုထားသော အဖြေလွှာစာအုပ်ချင်း လဲလှယ်၍လည်းကောင်း၊ မသမာသောနည်းဖြင့် စာမေးပွဲ ဖြေဆိုကြောင်းတွေ့ရှိရပါက စာမေးပွဲဖြေဆိုသည့် ပညာသင်နှစ်နှင့် နောက်ထပ် (၂)နှစ် စုစုပေါင်း(၃)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(င) ကျောင်းသားတစ်ဦးသည် မိမိဖြေဆိုပြီးသော အဖြေလွှာစာရွက်ကို အခြားကျောင်းသားတစ်ဦးအားပေး၍ ကူးယူခွင့်ပေးခြင်းနှင့် အခြားနည်းဖြင့် ကူညီ

ခြင်းများကို တွေ့ရှိရပါက အဖြေလွှာ (သို့မဟုတ်) ကူညီလက်ခံ ရယူသော ကျောင်းသားနှင့် အဖြေလွှာ (သို့မဟုတ်) အကူအညီပေးသော ကျောင်းသား နှစ်ဦးစလုံးအား စာမေးပွဲဖြေဆိုခွင့် ရပ်ဆိုင်းပြီး စာမေးပွဲဖြေသည့် ပညာသင်နှစ်နှင့် နောက်ထပ်(၂)နှစ် စုစုပေါင်း(၃)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(စ) ကျောင်းသားတစ်ဦးသည် စာမေးပွဲဖြေဆိုပြီးသွားသော အခြား ကျောင်းသား တစ်ဦး၏ အဖြေလွှာကို မိမိအဖြေလွှာနှင့် လဲယူပြီး ထိုလဲယူထားသော အဖြေလွှာပေါ်၌ မိမိ၏စာမေးပွဲခုံအမှတ်ကို ပြင်ဆင်ရေးသားထားကြောင်း တွေ့ရှိရပါက ထိုသို့ မသမာသောနည်းကို အသုံးပြုသော ကျောင်းသားအား စာ မေးပွဲဖြေဆိုခွင့် ရပ်ဆိုင်း၍ အဆိုပါပညာသင်နှစ်နှင့် နောက်ထပ် (၃)နှစ် စုစု ပေါင်း(၄)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဆ) ကျောင်းသားတစ်ဦးသည် စာမေးပွဲအခန်းအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ ကြီးကြပ်သူ ဆရာ/ဆရာမများအား ရိုင်းပြစွာပြောဆို ဆက်ဆံခြင်း၊ ခြိမ်း ခြောက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုမူခဲ့ပါက ထိုကျောင်းသားအား စာမေးပွဲ ဖြေဆိုခွင့် ရပ်ဆိုင်း၍ အဆိုပါ ပညာသင်နှစ်နှင့် နောက်ထပ် ပညာသင်နှစ် (၁)နှစ် စုစုပေါင်း(၂)နှစ် ကျောင်းမှ ထုတ်ပယ်မည်။

(ဇ) စာမေးပွဲတွင် လူစားဝင်ရောက်ဖြေဆိုကြောင်း စစ်ဆေးတွေ့ရှိပါက စာမေးပွဲ ဖြေဆိုခွင့်ကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူအား စာမေးပွဲ ဖြေဆိုသည့် ပညာသင်နှစ်နှင့် နောက်ထပ် (၂)နှစ် စုစုပေါင်း (၃)နှစ် ကျောင်းမှ ထုတ်ပယ်မည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲထံ အကြောင်းကြားစာ ပေးပို့မည်။ လူစားဝင်ရောက် ဖြေဆို ပေးသူအားလည်း ထိရောက်စွာ အရေးယူမည်။ လူစားဝင်ရောက်ဖြေဆိုပေးသူသည် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ဖြစ်ပါက ၎င်းအားလည်း ပညာသင်နှစ် (၃)နှစ် ကျောင်းမှ ထုတ်ပယ် မည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲထံ အကြောင်း ကြားစာပေးပို့မည်။ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားစာ ပေးပို့မည်။